# ကြည့်ရှုအသုံးပြုနိုင်မှုဆိုင်ရာ ကြေညာချက်

မေ **2023**

ကျန်းမာရေးဌာနသည် Vermont ဌာနေများအားလုံးအနေဖြင့် ကျွန်ုပ်တို့မျှဝေသော အချက်အလက်များ၊ ဝန်ဆောင်မှုများနှင့် ရင်းမြစ်များကို အသုံးပြုနိုင်ကြောင်း သေချာစေရန် လုပ်ဆောင်ပါသည်။ ကျွန်ုပ်တို့ကို လူတိုင်း ကြည့်ရှုအသုံးပြုနိုင်ပြီး လူအားလုံးပါဝင်နိုင်စေလိုပါသည်။

"အသုံးပြုနိုင်ကြောင်း" ဆိုသည်မှာ ပစ္စည်းများသည် လက်လှမ်းမီသောနေရာတွင်ရှိပြီး ၎င်းတို့ကို တွေ့မြင်နိုင်၊ အသုံးပြုနိုင်ပြီး သိနားလည်နိုင်ခြင်းကို ဆိုလိုသည်။ "ပါဝင်မှု" ဆိုသည်မှာ သမိုင်းအရ ပစ်ပယ်ထားခံရသော၊ ဥပမာ- လူမျိုး၊ လိင် သို့မဟုတ် စွမ်းဆောင်မှုကြောင့် ပစ်ပယ်ခြင်းခံထားရသူများကို ပါဝင်စေပြီး ဝန်ဆောင်မှုပေးမည်ဟု ဆိုလိုပါသည်။ ဤအလုပ်အား ကျွန်ုပ်တို့မည်သို့လုပ်ဆောင်ပုံအကြောင်း နောက်ထပ်အချက်အလက်များကို ကျွန်ုပ်တို့၏ Health Equity ဝက်ဘ်စာမျက်နှာ (အင်္ဂလိပ်ဘာသာဖြင့်) တွင် ဖတ်ရှုနိုင်ပါသည်။

ကျွန်ုပ်တို့၏ ရည်မှန်းချက်မှာ ကျန်းမာရေးဌာန၏ အချက်အလက်များနှင့် ဝန်ဆောင်မှုများကို အသုံးပြုနိုင်ပြီး ပါဝင်မှုရှိစေရေး သေချာစေရန်အတွက် အကြံပြုထားသောအဆင့်များအတိုင်း လိုက်နာလုပ်ဆောင်ရန်ဖြစ်သည်။

## စံနှုန်းများပြည့်မီခြင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့လုပ်ဆောင်ပုံ

ဝက်ဘ် အကြောင်းအရာ ဖတ်ရှုနိုင်မှု လမ်းညွှန်ချက် (အင်္ဂလိပ်ဘာသာဖြင့်) သည် မသန်စွမ်းသူများ အလွယ်တကူအသုံးပြုနိုင်စေရန် လိုအပ်သည်များကို ပြောပြပါသည်။ ကြည့်ရှုအသုံးပြုနိုင်မှုအဆင့် သုံးခုရှိကြောင်း လမ်းညွှန်ချက်များက ဖော်ပြသည်- အဆင့် (က)၊ အဆင့် (ကက) နှင့် အဆင့် (ကကက) တို့ဖြစ်သည်။ အဆင့် (ကကက) ဆိုသည်မှာ အကောင်းဆုံး ကြည့်ရှုအသုံးပြုနိုင်မှုကို ဆိုလိုသည်။ ကျန်းမာရေးဌာန၏ လက်ရှိရည်မှန်းချက်မှာ အဆင့် (ကက) ကို ပြည့်မီရန်ဖြစ်သည်။

VERMONT
DEPARTMENT OF HEALTH

# ကြည့်ရှုအသုံးပြုနိုင်မှုဆိုင်ရာ ကြေညာချက်

မေ **2023**

HealthVermont.gov သည် အချိန်အများစုတွင် အဆင့် (ကက) ကို ပြည့်မီသည်။ ကျွန်ုပ်တို့သည် ကြည့်ရှုအသုံးပြုနိုင်မှုကို တိုးတက်စေရန် လုပ်ဆောင်နေပါသည်။ ကြည့်ရှုအသုံးပြုနိုင်မှုအဆင့် (အဆင့် (ကကက)) ကို ပြည့်မီပြီးဖြစ်သော အစိတ်အပိုင်းများလည်း ဝက်ဘ်ဆိုက်တွင်ရှိသည်။ ဥပမာတစ်ခုမှာ ကျွန်ုပ်တို့ပို့စ်တင်သော ဗီဒီယိုအချို့တွင် အမေရိကန် လက်ဟန်ခြေဟန် စကားပြန်မှု ပါဝင်သည်။

## ကြည့်ရှုအသုံးပြုနိုင်ပြီး ပါဝင်မှုရှိစေရန်အတွက် ကျွန်ုပ်တို့လုပ်ဆောင်နေသော အဆင့်များ

- ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်နှင့် ဖိုင်အားလုံးကို ကြည့်ရှုအသုံးပြုနိုင်အောင် လုပ်ဆောင်သည် (အဆင့် (ကက) လမ်းညွှန်ချက်များနှင့် ပြည့်မီသည်)။
- ဝန်ထမ်းအားလုံးကို ဆက်သွယ်၍ရနိုင်စေရန် သင်ကြားပေးသည်။
- ကျွန်ုပ်တို့ဝန်ထမ်းများအတွက် ကြည့်ရှုအသုံးပြုနိုင်မှု သင်တန်းများ ပေးနေသည်။
- ကျွန်ုပ်တို့၏ဝက်ဘ်ဆိုက်ကို တိုးတက်စေရန်နှင့် အပြောင်းအလဲကို စီစဉ်ရန်အတွက် မသန်စွမ်းသူများအား ပါဝင်စေသည်။
- မသန်စွမ်းသူများအား ကျွန်ုပ်တို့၏ ဒီဇိုင်းနှင့် ပုံရိပ်များကို ပြသသည်။

## ကန့်သတ်ချက်များနှင့် အခြားရွေးချယ်စရာများ

ကျန်းမာရေးဌာနတွင် ကြည့်ရှုအသုံးပြုနိုင်မှုရရှိစေရန် ကျွန်ုပ်တို့အကောင်းဆုံးကြိုးစားသော်လည်း ၎င်းတွင် ကန့်သတ်ချက်အချို့ရှိနိုင်ပါသည်။ သိထားပြီးဖြစ်သော ကန့်သတ်ချက်တစ်ခုမှာ စာရွက်စာတမ်းအဟောင်းများနှင့် ပတ်သက်သည်။ စာရွက်စာတမ်းအဟောင်းများသည် စခရင်ဖတ်ရှုပေးသူကဲ့သို့သော အထောက်အပံ့နည်းပညာများနှင့် အလုပ်မဖြစ်နိုင်ပါ၊ ၎င်းတို့ကို ကြည့်ရှုအသုံးပြုနိုင်မှုအား ထောက်ပံ့ပေးသည့်နည်းလမ်းတစ်ခုဖြင့် ဖန်တီးထားခြင်းမရှိသောကြောင့်ဖြစ်သည်။

VERMONT
DEPARTMENT OF HEALTH

# ကြည့်ရှုအသုံးပြုနိုင်မှုဆိုင်ရာ ကြေညာချက်

မေ **2023**

တစ်စုံတစ်ဦးက မေးလာသည့်အခါ ကျွန်ုပ်တို့သည် ဤစာရွက်စာတမ်းများကို ကြည့်ရှုအသုံးပြုနိုင်သော ဖော်မက်အသစ်များဖြင့် ပြောင်းလဲပေးသည်။ သင် တောင်းဆိုမှုတစ်ခု ပြုလုပ်လိုပါက AHS.VDHWebManager@vermont.gov သို့ အီးမေးလ်ပို့ပါ။

## အကြံပြုချက်နှင့် ပြောင်းလဲပြင်ဆင်ခြင်းများ

ဤဝက်ဘ်ဆိုက်၏ ကြည့်ရှုအသုံးပြုနိုင်မှုနှင့်ပတ်သက်၍ သင်၏ အကြံပြုချက်ကို ကျွန်ုပ်တို့ကြိုဆိုပါသည်။ သင့်အနေဖြင့် စာမျက်နှာ သို့မဟုတ် ရင်းမြစ်တစ်ခုကို အသုံးပြုရာတွင် အခက်အခဲရှိကြောင်း တွေ့ရှိရပါက ကျွန်ုပ်တို့၏ ကြည့်ရှုအသုံးပြုနိုင်မှုကို တိုးတက်အောင် လုပ်ဆောင်နိုင်ရန်အတွက် ကျွန်ုပ်တို့ကိုအသိပေးပါ။ သင့်အနေဖြင့် AHS.VDHWebManager@vermont.gov သို့ အီးမေးလ်ပို့နိုင်ပါသည်။ ကြည့်ရှုအသုံးပြုနိုင်မှုဆိုင်ရာ အကြံပြုချက်ကို ရုံးဖွင့်ရက် "5" ရက်အတွင်း ကျွန်ုပ်တို့ဖြေကြားပေးနိုင်ရန် လုပ်ဆောင်ပါသည်။

အစီအစဉ်တစ်ခုအတွက် ပြောင်းလဲပြင်ဆင်မှုတစ်ခုကို သင်လုပ်ဆောင်လိုပါက သို့မဟုတ် စာရွက်စာတမ်းတစ်ခုဖြစ်စေ အခြားအချက်အလက်ဖြစ်စေ ဖတ်ရှုလိုပါက အစီအစဉ်ဆောင်ရွက်သူ သို့မဟုတ် စာရွက်စာတမ်းပိုင်ရှင်ထံ ဆက်သွယ်ပါ။ ထိုသူမည်သူမှန်း သင်မသိလျှင် AHS.VDHWebManager@vermont.gov **သို့ အီးမေးလ်ပို့ပါ။**

## **Vermont** မူဝါဒနှင့် လုပ်ထုံးလုပ်နည်း

ကြည့်ရှုအသုံးပြုနိုင်မှုဆိုင်ရာ မူဝါဒ | Vermont.gov (အင်္ဂလိပ်ဘာသာဖြင့်)
ADA/ADAAA မကျေနပ်ချက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း နံပါတ် 10.2 (အင်္ဂလိပ်ဘာသာဖြင့်)

VERMONT
DEPARTMENT OF HEALTH

# Accessibility Statement

May 2023



The Health Department works to be sure that all Vermonters can use the information, services and resources that we share. We want to be accessible to everyone and inclusive of all people.

“Accessible” means materials are within reach, they can be seen, used and understood. “Inclusive” means we involve and accommodate people who have historically been left out, for example because of race, gender or ability. You can read more about how we do this work on our Health Equity webpage (in English).

Our goal is to follow recommended steps to be sure that Health Department information and services are accessible and inclusive.

## How We Are Doing with Meeting Standards

The Web Content Accessibility Guidelines (in English) tell what is required so that a website will be easier for people with disabilities to use. The guidelines describe three levels of accessibility: Level A, Level AA and Level AAA. Level AAA means the best accessibility. At this time, the Health Department goal is to meet Level AA.

HealthVermont.gov meets the Level AA standard most of the time. We are working to improve accessibility. There are also parts of the website that already meet the highest level of accessibility (Level AAA). An example of this is that some of the videos we post include American Sign Language interpretation.

## Steps We Are Taking to be Accessible and Inclusive

- Make our website and all files accessible (meeting the Level AA guidelines).
- Teach all staff how to make communications accessible.
- Provide ongoing accessibility training for our staff.
- Involve people with disabilities to give input to improve our website and to plan changes.
- Show people with disabilities in our design and images.

## Limitations and Other Choices

We try our best to ensure accessibility at the Health Department, but there may be some limitations. One known limitation has to do with older documents. Older documents might not work with assistive technologies - like screen readers - because they were created in a way that does not support accessibility. When someone asks,

we change these documents to newer, accessible formats. Please email AHS.VDHWebManager@vermont.gov if you have a request.

## Feedback and Accommodations

We welcome your feedback on the accessibility of this website. If you find it difficult to use a page or resource, please let us know so we can improve our accessibility. You can email AHS.VDHWebManager@vermont.gov. We work to answer accessibility feedback in 5 business days.

If you need an accommodation for an event, or to read a document or other information, contact the event organizer or document owner. If you don't know who that is, email AHS.VDHWebManager@vermont.gov.

## Vermont Policy and Procedure

Accessibility Policy | Vermont.gov (in English)
ADA/ADAAA Grievance Procedure Number 10.2 (in English)